ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၄. ၁၂. ၂၀၁၅) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအားလွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းပေးရန်ဖြစ်ပါတယ်။

ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ်တဲ့ အစည်းအဝေး မှာပြီးခဲ့တဲ့ အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာ

နိဒါန်း

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)၊ အပိုဒ်(၃) စိုက်ပျိုးရေး နှင့်မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ(ဆ)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်ကနည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ သို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေး ၃-၁၂-၂၀၁၅ တွင် စိစစ် သုံးသပ် ညှိနှိုင်းကြပြီး နည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၉၃ ခုနှစ် တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ကိုးကား၍ တစ်ပိုင်တစ်နိုင်စီးပွားဖြစ် မျိုးပွား ဖြန့်ဖြူးရန်၊ ခိုင်းစေရန် မွေးမြူသူများ လိုက်နာနိုင်ရန်အတွက် ရေးဆွဲသည့်ဥပဒေ ဖြစ်ပါသည်။

တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ တိရစ္ဆာန်များစနစ်တကျထိန်းကျောင်းနိုင်ရန်၊ စိုက်ပျိုးသီးနှံများ ဖျက်ဆီးခြင်းမှ ကာကွယ်ရန်၊ တိရစ္ဆာန်မွေးမြူရေးနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်၊ ကူးစက်ရောဂါမဖြစ်ပွားစေရန်၊ မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် ရောဂါပိုးမွှား ကူးစက်မှု မရှိစေရေးအတွက် ဇီဝလုံခြုံမှု စံနှုန်းများ သတ်မှတ်၍ ကျင့်သုံးလိုက်နာမွေးမြူစေရန်၊ စားကျက်မြေများကို ထိန်းသိမ်း စောင့်ရှောက်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း ၉ ခန်း၊ ပုဒ်မပေါင်း ၂၃ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေ ဖြစ်ပါသည်။ သို့ရာတွင် ပြင်ဆင်ရန် အကြံပြု လိုသည်မှာ အခန်း(၅)၊ ပုဒ်မ(၅)နှစ်ခုထပ်နေသည့်အတွက် ပုဒ်မ(၆)ဟု ပြင်ဆင်ရမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ် ပါတယ်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပုဒ်မနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်ကိုရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် ဆွေးနွေးလိုပါက ဆွေးနွေးနိုင်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ပြင်ဆင်တာကို သဘောတူပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့်အချက်နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )

လွှတ်တော်က သဘောတူတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ပြင်ဆင်ချက်သည် ဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းသိမ်းရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးမှ အဆိုပြုဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန် မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေး ဥပဒေ(မူကြမ်း) နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ(မူကြမ်း)အားလွှတ်တော် ကိုယ်စားလှယ်များမှ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။